# ၂၀၂၁ တားမြစ်ဆေးဝါးဆန့်ကျင်ရေးဥပဒေ၏ ပြောင်းလဲချက်အသစ်များ

## (New Changes in 2021 WADA Code)

(၂၇.၁၀.၂၀၂၀) ရက်နေ့၊ အင်္ဂါနေ့

**WORLD ANTI-DOPING**

**CODE**

**2021**

# အကြောင်းအရာများ

(၁) ၂၀၂၁ တားမြစ်ဆေးဝါးဆန့်ကျင်ရေးဥပဒေပေါ်ပေါက်လာခြင်း၏ နောက်ခံအကြောင်းအရင်း

(၂) အားကစားသမားတို့၏ အခွင့်အရေး

(၃) တားမြစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ သတင်းပေးပို့သူများအား အကာအကွယ်ပေးခြင်း

# အကြောင်းအရာများ(Cont’)

(၄) တားမြစ်ဆေးဝါးစစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြောင်းလဲမှု

(၅) တားမြစ်ဆေးဝါးစစ်ဆေးမှုသတင်းအချက်အလက်များကို အသုံးပြုခြင်း

(၆) တားမြစ်ဆေးဝါးစစ်ဆေးခြင်းအား ထပ်မံဆောင်ရွက်ခံရခြင်း

# အကြောင်းအရာများ(Cont’)

(၇) “ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း” အား အဓိပ္ပာယ်ဖွင့်ဆိုခြင်း

(၈) ပိုမိုဆိုးရွားသော အခြေအနေ ဖန်တီးခြင်း၏ရလဒ်

(၉) တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေတစ်ခုမက ချိုးဖောက်မိခြင်း၏ ရလဒ်

(၁၀) သက်ငယ်အားကစားသမားများ၏ အခွင့်အရေး

# (၁) ၂၀၂၁ တားမြစ်ဆေးဝါးဆန့်ကျင်ရေးဥပဒေ ပေါ်ပေါက်လာခြင်း၏ နောက်ခံအကြောင်းအရင်း

- အားကစားသမား၏ ကျန်းမာရေးထိခိုက်မှုမရှိစေရန် အဓိကထားလိုခြင်း။

## (၂) အားကစားသမားတို့၏ အခွင့်အရေး

- အားကစားသမားတို့၏ အခွင့်အရေးသတ်မှတ်ပြဋ္ဌာန်းနိုင်မှုအား ယခု ဥပဒေပေါ်ပေါက်လာခြင်း၏ အခြေခံအကြောင်းအရင်းအဖြစ် သတ်မှတ်ခြင်း။
- အားကစားသမားတို့၏ အခွင့်အရေးအား ကာကွယ်ရန်ကိစ္စရပ်သည် ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့အစည်း၏ အဓိကတာဝန်ဖြစ်ခြင်း။

## (၃) တားမြစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ သတင်းပေးပို့သူများအား အကာအကွယ်ပေးခြင်း

- တားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးစည်းမျဉ်းဥပဒေအသစ်တစ်ရပ် အဖြစ် သတ်မှတ်၍ အကာအကွယ်ပေးထားခြင်း။
- တားမြစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ သတင်းပေးပို့သူများအား တားဆီးနှောင့်ယှက်သူများအနေဖြင့် ဆောင်ရွက်သည့်အပြုအမူပေါ် မူတည်၍ (၂)နှစ် (သို့မဟုတ်) ရာသက်ပန်ပွဲပယ်ခံရနိုင်ခြင်း။

## (၄) တားမြစ်ဆေးဝါးစစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြောင်းလဲမှု

- တားမြစ်ဆေးဝါးစစ်ဆေးခြင်းနှင့်ပတ်သက်၍ ဆီးစစ်ဆေးရာတွင် မူလက A ပုလင်းကို ဦးစွာစစ်ဆေး၍ B ပုလင်းကို အတည်ပြုရန် စစ်ဆေးသော်လည်း ယခုအခါ A ပုလင်းနှင့် B ပုလင်း နှစ်မျိုးလုံးကို ကနဦးစစ်ဆေးခြင်းသာမက အတည်ပြုစစ်ဆေးခြင်းတွင်ပါ အသုံးပြုမည်ဖြစ်ခြင်း။

## (၅) တားမြစ်ဆေးဝါးစစ်ဆေးမှုသတင်းအချက်အလက်များကို အသုံးပြုခြင်း

- တားမြစ်ဆေးဝါးစစ်ဆေးမှုသတင်းအချက်အလက်များကို သုတေသန လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အသုံးပြုမည်ဖြစ်ပြီး သက်ဆိုင်ရာအားကစားသမား၏ အချက်အလက်များကိုမူ ထိန်းသိမ်း ထားမည်ဖြစ်ခြင်း။

# (၆) တားမြစ်ဆေးဝါးစစ်ဆေးခြင်းအား ထပ်မံဆောင်ရွက်ခံရခြင်း

- အားကစားသမားတစ်ဦးသည် တားမြစ်ဆေးဝါးသုံးစွဲသည်ဟု စစ်ဆေးပေါ်ပေါက်ခြင်းမရှိမီကာလအထိ ၎င်း၏ ဆီး (သို့မဟုတ်) သွေးနမူနာ ပစ္စည်းကို တားမြစ်ဆေးဝါးစစ်ဆေးခြင်းနှင့်ပတ်သက်၍ အကန့်အသတ်မရှိ ထပ်မံဆောင်ရွက်ခံရနိုင်ခြင်း။

## (၇) "ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း" အား အဓိပ္ပာယ်ဖွင့်ဆိုခြင်း

- အားကစားဆိုင်ရာ ခုံသမာဓိရုံး(Court of Arbitration for Sport-CAS) ၏ ဆုံးဖြတ်ချက်အရ အားကစားသမားဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက် ဖြစ်စေ တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေအား ချိုးဖောက် မိပါက အဆိုပါဥပဒေအား သိလျက်နှင့်ချိုးဖောက်ခြင်း (သို့မဟုတ်) မသိ၍ချိုးဖောက်မိခြင်းအား ထည့်သွင်းစဉ်းစားမည်မဟုတ်ခြင်း။

## (၈) ပိုမိုဆိုးရွားသော အခြေအနေ ဖန်တီးခြင်း၏ရလဒ်

- တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရာတွင် ပိုမိုဆိုးရွားသော အခြေအနေများ ဖန်တီးပါက ပွဲပယ်ပြစ်ဒဏ် (၂) နှစ်အထိ ကျခံရနိုင်ခြင်း။

# (၉) တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေတစ်ခုမက ချိုးဖောက်မိခြင်း၏ ရလဒ်

- တားမြစ်ဆေးဝါးဆန့်ကျင်ရေး စည်းမျဉ်းဥပဒေ ချိုးဖောက်မိသော အားကစားသမားဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ (၁၂)လတာ ကာလအတွင်း ထပ်မံကျူးလွန်ပါက ပွဲပယ်ကာလကို ထပ်ပေါင်း၍ တစ်ဆက်တည်း ပြစ်ဒဏ်ကျခံရမည်ဖြစ်ခြင်း။

## (၁၀) သက်ငယ်အားကစားသမားများ၏ အခွင့်အရေး

- သက်ငယ်အားကစားသမားများအား ပြစ်ဒဏ်ချမှတ်ရာတွင် ငဲ့ညှာစဉ်းစားမှုများ ရှိသော်လည်း (၁၆) နှစ်နှင့် (၁၇) နှစ်အရွယ် လက်ရွေးစင်အားကစားသမားများကိုမူ ထည့်သွင်းစဉ်းစားမှုမရှိခြင်း။
- သို့ရာတွင် (၁၆) နှစ်နှင့် (၁၇) နှစ်အရွယ် လက်ရွေးစင်အားကစားသမားများသည် သက်ငယ်အားကစားသမားများဖြစ်သည့်အတွက် ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုသို့ ဖွင့်ဟထုတ်ဖော်ခြင်းအားကင်းလွတ်ခွင့်ပေးထားခြင်း။

# တားမြစ်ဆေးဝါးသုံးစွဲခြင်း

တားမြစ်ဆေးဝါးသုံးစွဲခြင်း (Doping) ဆိုသည်မှာ တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ချိုးဖောက်ခြင်းဖြစ်ပါသည်။

# တားမြစ်ထားသော ဆေးဝါးများနှင့်နည်းလမ်းများ

ပြိုင်ပွဲပြင်ပကာလနှင့် ပြိုင်ပွဲကျင်းပချိန်ကာလအတွင်း တားမြစ်ထားသော ဆေးဝါးများနှင့် နည်းလမ်းများဖြစ်ပါသည်။ နှစ်စဉ် ဇန်နဝါရီလ (၁) ရက်နေ့ တွင် စတင်အသက်ဝင်ပြီး နောက်ဆုံးထုတ်ပြန်ထားသည့် စာရင်းအား [www.wada-ama.org](http://www.wada-ama.org) တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။



# တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်း(Anti-Doping Rules Violation)

(၁) အားကစားသမားထံမှ ရယူထားသော သွေး (သို့မဟုတ်) ဆီးနမူနာထဲတွင် တားမြစ်ထားသော ဆေးဝါးများနှင့်နည်းလမ်းများမှ တားမြစ်ထားသောအရာများ တွေ့ရှိခြင်း။

(၂) တားမြစ်ထားသော ဆေးဝါးများနှင့်နည်းလမ်းများကို အသုံးပြုခြင်း (သို့မဟုတ်) အသုံးပြုရန် ကြံစည်အားထုတ်ခြင်း။

# တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်း(Anti-Doping Rules Violation) (Cont')

(၃) အားကစားသမားများအား သွေး (သို့မဟုတ်) ဆီးနမူနာရယူရန် သတိပေးထားသော်လည်း လိုက်နာဆောင်ရွက်ရန် ငြင်းဆန်ခြင်း။

(၄) အားကစားသမားများသည် မိမိတို့ နေထိုင်ရာနေရာ၊ လေ့ကျင့်ရေးဇယားနှင့် ကစားသည့်နေရာများ၊ ပြိုင်ပွဲဝင်မည့် အစီအစဉ်ဇယားများ၊ နေ့စဉ်ပြုလုပ်သော လုပ်ငန်းများကို သတင်းပေးပို့ထားရမည်ဖြစ်ပြီး ထိုပေးပို့ထားသော နေရာများသို့ လာရောက်စစ်ဆေးမှုပြုလုပ်သောအခါ စစ်ဆေးမှုပြုလုပ်ရန် ပျက်ကွက်ခြင်း။

# တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်း(Anti-Doping Rules Violation) (Cont’)

(၅) အားကစားသမားဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့်ဆင့်တွင် မည်သည့်အဆင့်တွင်မဆို မတရားသောနည်းလမ်းများဖြင့် ပြုပြင်ပြောင်းလဲရန်ကြိုးစားခြင်း။

(၆) အားကစားသမားဖြစ်စေ၊ အားကစားသမားအား ကူညီပံ့ပိုးပေးသူဖြစ်စေ တားမြစ်ထားသောဆေးဝါးများ (သို့မဟုတ်) နည်းလမ်းများအား လက်ဝယ်တွေ့ရှိခြင်း။

# တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်း(Anti-Doping Rules Violation) (Cont')

(၇) အားကစားသမားဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ တားမြစ်ထားသောဆေးဝါးများ (သို့မဟုတ်) နည်းလမ်းများအား ဖြန့်ဖြူးရောင်းဝယ်ခြင်း (သို့မဟုတ်) ဖြန့်ဖြူးရောင်းဝယ်ရန် ကြိုးပမ်းခြင်း။

(၈) တားမြစ်ထားသော ဆေးဝါးများကို အားကစားသမားများအား တိုက်ကျွေးခြင်း(သို့မဟုတ်)တိုက်ကျွေးရန် ကြိုးပမ်းခြင်း၊ တားမြစ်ထားသော နည်းလမ်းများကို အားကစားသမားများအား အသုံးပြုစေရန် ညွှန်ကြားခြင်း(သို့မဟုတ်) ညွှန်ကြားရန် ကြိုးပမ်းခြင်း။

# တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်း(Anti-Doping Rules Violation) (Cont')

(၉) အားကစားသမားဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို ချိုးဖောက်ရာတွင် ပူးပေါင်းကြံစည်ခြင်း(သို့မဟုတ်) ပူးပေါင်းကြံစည်ရန် ကြိုးပမ်းခြင်း။

(၁၀) အားကစားသမားဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ တားမြစ်ဆေးဝါးသုံးစွဲရာတွင် အကူအညီပေးခဲ့သဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

# တားမြစ်ဆေးဝါးဆန့်ကျင်ရေးစည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်း(Anti-Doping Rules Violation) (Cont’)

(၁၁)အားကစားသမားဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ တားမြစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများထံ သတင်းပေးပို့ခြင်းအား တားဆီးခြင်း(သို့မဟုတ်)နှောင့်ယှက်ခြင်း။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့်

(၁) **ရွေးချယ်ခံရခြင်း**

တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရန် သင်သည် အချိန်မရွေး နေရာမရွေး ရွေးချယ်ခံရနိုင်ပါသည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont')

## (၂) သတိပေးအကြောင်းကြားခြင်း

တားမြစ်ဆေးဝါးထိန်းချုပ်ရေးအရာရှိ (သို့မဟုတ်) ရှေ့ပြေးအရာရှိသည် သင့်အား တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရန် ရွေးချယ်ခံရကြောင်း သတိပေးအကြောင်းကြားပြီးပါက သင်၏အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont’)

**(၃) တားမြစ်ဆေးဝါးထိန်းချုပ်ရေးဌာနသို့ သတင်းပို့ခြင်း**

တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရန် ရွေးချယ်ခံရကြောင်း သတိပေးအကြောင်းကြားခံရပြီးပါက တားမြစ်ဆေးဝါးထိန်းချုပ်ရေးဌာနသို့ ချက်ချင်းသတင်းပို့ရမည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont')

**(၄) နမူနာစုဆောင်းသောပစ္စည်းများ**

သေချာစွာပိတ်ထားသော နမူနာရယူရန်ပစ္စည်းများ(ဆီးခွက်၊ ဆီးပုလင်း (၂)ပုလင်းပါဝင်သော Kit ဗူး) ကို မိမိစိတ်တိုင်းကျ ရွေးချယ်နိုင်ရန် ပေးအပ်ထားပါသည်။



# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont')

(၅) **သင်၏ နမူနာ**

နမူနာပစ္စည်းယူချိန်တွင် တားမြစ်ဆေးဝါးထိန်းချုပ်ရေးအရာရှိ (သို့မဟုတ်) ရှေ့ပြေးအရာရှိမှ စောင့်ကြည့်မည်ဖြစ်ပါသည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont’)

(၆) **ဆီးပမာဏ**

ဆီးစစ်ဆေးမည်ဆိုပါက ဆီးပမာဏ 90 CC အနည်းဆုံး လိုအပ်ပါသည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont’)

(၇) **နမူနာပစ္စည်းအား ခွဲထည့်ခြင်း**

ဆီးနမူနာပစ္စည်းအား A နှင့် B ပုလင်းထဲသို့ ခွဲထည့်ရပါမည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont’)

(၈) **နမူနာပစ္စည်းများအား ပိတ်ခြင်း**

တားမြစ်ဆေးဝါးထိန်းချုပ်ရေးအရာရှိ၏ ညွှန်ကြားချက်အတိုင်း A နှင့် B ပုလင်းတို့အား ပိတ်ရပါမည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont')

(၉) **နမူနာပစ္စည်း၏ သိပ်သည်းဆတိုင်းတာခြင်း**

တားမြစ်ဆေးဝါးထိန်းချုပ်ရေးအရာရှိသည် နမူနာပစ္စည်း၏ သိပ်သည်းဆအား တိုင်းတာမည်ဖြစ်ပါသည်။

## တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont')

(၁၀) **တားမြစ်ဆေးဝါးထိန်းချုပ်မှုပုံစံအား အပြီးသတ်ဖြည့်စွက်ခြင်း**

တားမြစ်ဆေးဝါးစစ်ဆေးမှုနှင့်ပတ်သက်၍ ထင်မြင်ချက်ပေးခွင့်ရှိပါသည်။ ဖြည့်စွက်ထားသော အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရပါမည်။ နမူနာပစ္စည်းကုတ်နံပါတ်အပါအဝင် တားမြစ်ဆေးဝါးထိန်းချုပ်မှုပုံစံမိတ္တူတစ်ခုကို သင်ရရှိပါလိမ့်မည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုအဆင့် (၁၁) ဆင့် (Cont')

## (၁၁) ဓါတ်ခွဲခန်းလုပ်ငန်းစဉ်

နမူနာပစ္စည်းများအား ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေး အဖွဲ့အစည်း (WADA) အသိအမှတ်ပြုဓါတ်ခွဲခန်းများသို့ ပေးပို့ပါသည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရာတွင် အားကစားသမား၏ အခွင့်အရေးများ

- အားကစားသမားသည် သက်ငယ်အားကစားသမားဖြစ်ပါက ကိုယ်စားလှယ်တစ်ဦး (အုပ်ချုပ်သူ/နည်းပြ၊ ကျန်းမာရေးဝန်ထမ်း) မဖြစ်မနေ လိုက်ပါခေါ်ဆောင်ရမည်ဖြစ်ပြီး ဘာသာပြန်လိုအပ်ပါကလည်း ခေါ်ယူခွင့်ရှိပါသည်။
- တားမြစ်ဆေးဝါးစစ်ဆေးခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို မေးမြန်းခွင့်ရှိပါသည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရာတွင် အားကစားသမား၏ အခွင့်အရေးများ(Cont’)

- တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရန် ရွေးချယ်ခံရကြောင်း သတိပေးအကြောင်းကြားခံရပြီးပါက တားမြစ်ဆေးဝါးထိန်းချုပ်ရေးဌာနသို့ ချက်ချင်းသတင်းပို့ရန် တာဝန်ရှိသော်လည်း ခိုင်လုံသော အကြောင်းပြချက်ရှိပါက တားမြစ်ဆေးဝါးထိန်းချုပ်ရေးအရာရှိ၏ ခွင့်ပြုချက်ဖြင့် နောက်ကျသတင်းပို့ခွင့်ရှိပါသည်။
- မသန်စွမ်းအားကစားသမားဖြစ်ပါက ပုံမှန်တားမြစ်ဆေးဝါးစစ်ဆေးမှု လုပ်ငန်းစဉ်အား အဆင်ပြေပြေဆောင်ရွက်နိုင်ရန် ခွင့်တောင်းခွင့်ရှိပါသည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရာတွင် အားကစားသမား၏ တာဝန်ဝတ္တရားများ

- ❑ တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရန် ရွေးချယ်ခံရကြောင်း သတိပေးအကြောင်းကြားခံရချိန်မှစ၍ ပြီးဆုံးသည့်အထိ တားမြစ်ဆေးဝါးထိန်းချုပ်ရေးအရာရှိ (သို့မဟုတ်) ရှေ့ပြေးအရာရှိ၏ တိုက်ရိုက်စောင့်ကြည့်မှုအောက်တွင် ရှိနေရပါမည်။
- ❑ အားကစားသမား၏ ဓါတ်ပုံပါဝင်သော မှတ်ပုံတင်ကဒ် (သို့မဟုတ်) နိုင်ငံကူးလက်မှတ် ယူဆောင်လာရပါမည်။

# တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရာတွင် အားကစားသမား၏ တာဝန်ဝတ္တရားများ(Cont')

- တားမြစ်ဆေးဝါးစစ်ဆေးမှုလုပ်ငန်းစဉ်အား တိကျစွာလိုက်နာဆောင်ရွက်ရပါမည်။
- တားမြစ်ဆေးဝါးစစ်ဆေးမှုခံယူရန် ရွေးချယ်ခံရကြောင်း သတိပေးအကြောင်းကြားခံရပြီးလျှင် ခိုင်လုံသော အကြောင်းပြချက်မရှိပါက တားမြစ်ဆေးဝါးထိန်းချုပ်ရေးဌာနသို့ ချက်ချင်းသတင်းပို့ရပါမည်။

# Q & A Section

# ကျေးဇူးတင်ပါသည်။